## ဓမ္မခန္ဓာ (၈၆) အမှောင်ခွင်းသူ (အလ်–တွာရိက်)

ဥဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၆)၊ သုတ်ဒေသနာ (၁၇)ပါး၊

ဦးချေးလွှင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالسَّمَاء وَالطَّارِقِ** ۞<br>မိုးကောင်းကင်နှင့် အမှောင်ခွင်းသူ အားဖြင့်–[၁၄၇] |
| ၂။ | **وَمَا أَدْرَاكَ مَا الطَّارِقُ** ۞<br>အမှောင်ခွင်းသူ–ဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၃။ | **النَّجْمُ الثَّاقِبُ** ۞<br>ယင်းသည် ဖေါက်ခွင်းသော ကြယ်ဖြစ်၏။ |
| ၄။ | **إِن كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ** ۞<br>ကေန်ပင် ဥာဉ်စရိုက် ကိုယ်စီ အပေါ်၌ အကွပ်အကဲ ရှိနေ၏။ |
| ၅။ | **فَلْيَنظُرِ الْإِنسَانُ مِمَّ خُلِقَ** ۞<br>သူ့အား မည်သည့် အရာမှ ဖြစ်တည်စေသည်ကို လူသားကို ရှုစားသုံးသပ်စေလော့။ |
| ၆။ | **خُلِقَ مِن مَّاء دَافِقٍ** ۞<br>သူအား ညှစ်ထုတ်သော အရည်မှ ဖြစ်တည်စေ၏။ |
| ၇။ | **يَخْرُجُ مِن بَيْنِ الصُّلْبِ وَالتَّرَائِبِ** ۞<br>ယင်းကို ကျောရိုးနှင့် နံရိုးများမှ ညှစ်ထွက်စေ၏။ |
| ၈။ | **إِنَّهُ عَلَى رَجْعِهِ لَقَادِرٌ** ۞<br>ကေန်ပင် အရှင်သည် သူ့အား ပြန်လှည့်လာရန် စည်းချိန်ချမှတ်တော်မူ၏။ |
| ၉။ | **يَوْمَ تُبْلَى السَّرَائِرُ** ۞<br>မြှုပ်ကွယ်ထားရာ ပြန်ဖေါ်သော နေ့ကာလ၌– |
| ၁၀။ | **فَمَا لَهُ مِن قُوَّةٍ وَلَا نَاصِرٍ** ۞<br>သူ့၌ ခွန်အားဗလ၊ အကူအညီ မရှိချေ။ |

(၁၄၇) **တွာရိက်** ဆိုသည်ကို ဆရာတော် တစ်ချို့က ထွန်းလင်းတောက်ပသော ကြယ်ဟု ဘာသာပြန်ဆိုကြ၍၊ တစ်ချို့က ညအမှောင်ထုအား ခွင်းလာသူ ဟု ပြန်ဆိုကြပေသည်။ မိရိုးဖလာ အမှောင်ထုကြီးအား အမှောင်ခွင်း အလင်းဆောင်ရန် ပွင့်ပေါ်လာသော ကိုယ်တော်မုဟမ္မဒ်အား ပုံဆောင်တင်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၁။ | وَالسَّمَاء ذَاتِ الرَّجْعِ ۞<br>ပြန်ကန်စေသော ကောင်းကင်ယံအားဖြင့်–[၁၄၈] |
| ၁၂။ | وَالْأَرْضِ ذَاتِ الصَّدْعِ ۞<br>ရင်ခွင်ဖွင့်ပေးသော မြေကမ္ဘာအားဖြင့်–[၁၄၉] |
| ၁၃။ | إِنَّهُ لَقَوْلٌ فَصْلٌ ۞<br>ဤသည် အဖြေမှန်ပေးသော နှုတ်ထွက်တော် ဖြစ်၏။ |
| ၁၄။ | وَمَا هُوَ بِالْهَزْلِ ۞<br>၎င်းသည် ကရော်ကမည် မဟုတ်ချေ။ |
| ၁၅။ | إِنَّهُمْ يَكِيدُونَ كَيْدًا ۞<br>သူတို့သည် မဟာဗျူဟာဖြင့် ဗျူဟာချနေကြ၏။ |
| ၁၆။ | وَأَكِيدُ كَيْدًا ۞<br>ငါသည်လည်း ဗျူဟာဖြင့် ဗျူဟာချနေ၏။ |
| ၁၇။ | فَمَهِّلِ الْكَافِرِينَ أَمْهِلْهُمْ رُوَيْدًا ۞<br>သို့ဖြစ်၍ ဖုံးကွယ်သူတို့အား အချိန်ပေးထားလော့၊ ခဏ္ဍယာယီ အချိန်ပေးထားလော့။ |

---

(၁၄၈) တစ်စုံတစ်ခုသော အရာက သူ့ထံသို့သက်ရောက်လျှင် တုံ့ပြန်သော သဘောကို ဆိုလိုသည်။
(၁၄၉) သစ်ပင် သီးနှံများ ပေါက်ရောက်စေရန် မိမိ၏ ရင်ခွင်အား ခွဲပေးသော မြေဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ မြေမှ ဖြစ်တည်သော လူသားသည်လည်း– နောက်မျိုးဆက်များအား ရှင်သန်ဖွံ့ဖြိုးစေရင်– မိမိ၏နှလုံးသားအား အတတ်နိုင်ဆုံး ဖွင့်ပေးလျှက် ပြုစုပေးရမည် ဖြစ်သည်။ မိမိ၏ ခေတ်နောက်ကျနေသော အစွဲများအား သာသနာလမ်းစဉ်အဖြစ် သတ်မှတ်လျှက် တရားသေစွဲကိုင်ကာ လူငယ်များအား လမ်းပိတ်ထားခြင်း နှလုံးသား မဖွင့်ပေးခြင်းများအား ဆင်ခြင်သင့်ပေသည်။